CHUBB

Chubb Life Insurance Myanmar Limited
18F Myanmar Centre Tower 2, Kabar Aye
Pagoda Rd, Bahan Tsp, Yangon, Myanmar.

Office : (+95) 9 750 066 908
Fax : (+95) 1 934 588
Hot Line : (+95) 9 750 066 900
http://life.chubb.com/mm

# ပညာရေး အသက်အာမခံပေါ်လစီ

## အခွင့်အရေးနှင့်စည်းကမ်းချက်များ

**၁။ ပညာရေးအသက်အာမခံအကျိုးခံစားခွင့်များ**

ပညာရေးအသက်အာမခံထားရှိသူတစ်ဦးအနေဖြင့် နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) အမျိုးအစားကို ဝယ်ယူထားရှိသူသည် အမှတ်စဉ် (က) မှ (ဃ) အထိ အကျိုးခံစားခွင့်ရှိမည်ဖြစ်၍ အခြေခံအကျိုးခံစားခွင့်ပုံစံ (Basic Benefit Plan) အမျိုးအစားဝယ်ယူထားရှိသူအတွက် အမှတ်စဉ် (ဂ) နှင့် (ဃ) အကျိုးခံစားခွင့်များကိုသာ ရရှိမည်ဖြစ်ပါသည်။ ၎င်းအကျိုးခံစားခွင့်များကို အောက်တွင်ဖော်ပြထား ပါသည်။

(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)

(ခ) ထာဝစဉ်လုံးဝ မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)

(ဂ) ပရီမီယံ ကင်းလွတ်ခွင့် (Premium Waiver)

(ဃ) ပညာရေးအကျိုးခံစားခွင့် (Education Benefit)

**(က) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)**

(၁) အာမခံသက်တမ်းအတွင်း ပညာရေးအသက်အာမခံ နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) အမျိုးအစားကိုဝယ်ယူထားသော အာမခံထားသူသေဆုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါမည်။

(၂) အကျိုးခံစားခွင့်လွှဲအပ်ခံရသူသည် အသက်(၁၈)နှစ် မပြည့်သေးသူဖြစ်လျှင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ (၁၂) (စ) နှင့်အညီ မိဘအရင်း (သို့) တရားဝင်မွေးစားမိဘ (သို့) တရားဝင်အုပ်ထိန်းသူကိုသာ ထုတ်ပေးပါမည်။

(၃) အာမခံထားရှိသူ သေဆုံးချိန်တွင် အကျိုးခံစားခွင့်လွှဲအပ်ခံရသူက သေဆုံးပြီး ဖြစ်ကာ အကျိုးခံစားခွင့် ထပ်မံလွှဲပြောင်းထားခြင်း မရှိလျှင် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေ (၁၂) (ဆ) နှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးပါမည်။

- ခင်ပွန်း/ ဇနီး

- သားသမီး

- မြေး

- ညီအစ်ကို၊မောင်နှမ

- မိဘ

(၄) သေဆုံးမှုအကျိုးခံစားခွင့်ထုတ်ယူရန်အတွက် လိုအပ်သော စာရွက်စာတမ်းများမှာ

- ပေါ်လစီစာချုပ်မူရင်း

- သေစာရင်းမိတ္တူမှန်/ ခိုင်လုံသောအထောက်အထား

- သေဆုံးကြောင်း ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်

- အကျိုးခံစားခွင့်တောင်းခံလွှာ တို့ဖြစ်ပါသည်။

(၅) အကယ်၍ အာမခံထားသူ သေဆုံးပြီး အလောင်းရှာမတွေ့ပါက (၂)နှစ် စောင့်ဆိုင်းရမည်ဖြစ်ပြီး မျက်မြင်အားဖြင့် သွားလာလှုပ်ရှားမှု မရှိကြောင်းကို ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ရရှိလျှင် အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူထံ တစ်လုံးတည်း ထုတ်ပေးပါမည်။

(ခ) **ထာဝစဉ်လုံးဝ မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)**

(၁) ပညာရေးအာမခံ နှစ်ထပ်ကွမ်း အကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) အမျိုးအစားကို ဝယ်ယူထားသော အာမခံထားသူသည် ပေါ်လီစီတည်မြဲနေစဉ်အတွင်း ရုတ်တရက်ထိခိုက်ခြင်း ကြောင့်လည်းကောင်း၊ ရောဂါကြောင့်လည်းကောင်း ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်၍ ဝင်ငွေရရှိသော အလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် အာမခံထားငွေကို တလုံးတည်း ထုတ်ပေးပါမည်။

(၂) ထာဝစဉ်လုံးဝမသန်စွမ်းအကျိုးခံစားခွင့်ထုတ်ယူရန်အတွက် လိုအပ်သောစာရွက်စာတမ်းများမှာ
- ပေါ်လီစီစာချုပ်မူရင်း

- ဆေးကုသည့်အထူးကုဆရာဝန်၏ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ကြောင်းထောက်ခံချက်

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဆေးရုံ/ဆေးခန်းများမှ ဆေးကုသမှုမှတ်တမ်း

- အကျိုးခံစားခွင့်တောင်းခံလွှာ တို့ဖြစ်ပါသည်။

(၃) ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်းဆိုသည်မှာ အောက်တွင်ဖော်ပြထားသည့်နမူနာ ဖြစ်ရပ်မျိုးကို ဆိုလိုပါသည်။

(က) မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း။

(ခ) လက်ကောက်ဝတ်အထက်ပိုင်းမှ လက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။

(ဂ) ခြေကျင်းဝတ်အထက်ပိုင်းမှ ခြေထောက်နှစ်ဖက်ပြတ်ခြင်း၊ လုံးဝအသုံးပြု၍ မရခြင်း။

(ဃ) မျက်စိတစ်ဖက်လုံးဝကွယ်ခြင်း နှင့် လက်ကောက်ဝတ် အထက်ပိုင်း လက်တစ်ဖက် ပြတ်ခြင်း/ အသုံးပြု၍မရခြင်း၊ ခြေကျင်းဝတ် အထက်ပိုင်း ခြေတစ်ဖက်ပြတ်ခြင်း/ လုံးဝအသုံးပြု၍မရခြင်း။

(င) အာမခံထားရှိသူကုသသည့် အထူးကုဆရာဝန်မှ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ကြောင်း ထောက်ခံချက်နှင့် ဤကုမ္ပဏီမှ ရွေးချယ် ပေးသော ဆရာဝန်နှစ်ဦး၏ ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ကြောင်း ထောက်ခံချက်။

(ဂ) **ပရီမီယံကင်းလွတ်ခွင့် (Premium Waiver Benefit)**

(၁) အာမခံထားသူသည် ပေါ်လီစီတည်မြဲနေစဉ်အတွင်း သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ ထာဝစဉ်လုံးဝမသန်စွမ်းခဲ့လျှင် သော်လည်းကောင်း၊ ထိုထိခိုက်ဆုံးရှုံးမှု ဖြစ်ပွားပြီးနောက်ပိုင်း ပရီမီယံကြေး ပေးသွင်းရမည့်ရက် ရောက်သည့်နေ့မှစ၍ ပရီမီယံကြေး ပေးသွင်းသည့်ကာလ ပြီးဆုံးချိန်အထိ အာမခံကုမ္ပဏီသို့ ပေးသွင်းရန် ကျန်ရှိသော ပရီမီယံများအားလုံးကို ဆက်လက်ပေးသွင်းရန် မလိုတော့ပဲ ကင်းလွတ်ခွင့်ရှိပါသည်။ အာမခံကုမ္ပဏီမှ ပရီမီယံကြေးများ ကင်းလွတ်ခွင့် ပေးထားသည့် ကာလအတွင်း ပေါ်လီစီသည် ဆက်လက်တည်မြဲနေမည်ဖြစ်ပြီး သတ်မှတ်ထားသောသက်တမ်း ရောက်သည့်အခါ ပညာရေးအကျိုးခံစားခွင့်ကို ရရှိမည် ဖြစ်ပါသည်။

(၂) ပရီမီယံကင်းလွတ်ခွင့် တောင်းခံရန်အတွက် လိုအပ်သော စာရွက်စာတမ်းများမှာ
- ပေါ်လီစီစာချုပ်မူရင်း

- ပရီမီယံကင်းလွတ်ခွင့် တောင်းခံလွှာ တို့အပြင်

**အာမခံထားသူသေဆုံးပါက**

- သေစာရင်းမိတ္တူမှန်/ ခိုင်လုံသောအထောက်အထား

- သေဆုံးကြောင်း ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်

သို့မဟုတ်

**အာမခံထားသူထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက**

- ဆေးကုသည့် အထူးကုဆရာဝန်၏ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ကြောင်း ထောက်ခံချက်

- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် ဆေးရုံ/ဆေးခန်းများမှ ဆေးကုသမှုမှတ်တမ်းတို့ကိုပါ ပူးတွဲ တင်ပြရပါမည်။

(ဃ) ပညာရေးအာမခံအကျိုးခံစားခွင့် (**Education Benefit**)

(၁) ဤပညာရေးအာမခံ ပေါ်လီစီသည် ပရီမီယံပေးသွင်းရသည့်သက်တမ်း ပြီးဆုံးသွားသော်လည်း ဆက်လက်တည်မြဲနေမည် ဖြစ်ပြီး ပရီမီယံ ပေးသွင်းရသည့် သက်တမ်း ပြီးဆုံးချိန်မှစ၍ အာမခံသက်တမ်း စေ့ရက်ရောက်သည့်နေ့ အပါအဝင် တစ်နှစ်ပြည့်သည့်နေ့သို့ ရောက်တိုင်း အာမခံကုမ္ပဏီမှ ပညာရေးအကျိုးခံစားခွင့်အဖြစ် အာမခံထားငွေ၏ ၂၀%စီကို ပြန်လည်ထုတ်ပေးမည် ဖြစ်သည်။ (အာမခံသက်တမ်းပြည့်သည့်အခါ ထုတ်ပေးခဲ့သော ပညာရေးအာမခံ စုစုပေါင်းသည် အာမခံထားငွေနှင့်ညီမျှနေမည် ဖြစ်ပါသည်။)

(၂) ထိုပညာရေးအာမခံ အကျိုးခံစားခွင့်သည် သေဆုံးမှုအကျိုးခံစားခွင့်၊ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း အကျိုးခံစားခွင့်တို့နှင့် သက်ဆိုင်ခြင်းမရှိပဲ အာမခံကုမ္ပဏီမှ ပေးရန်ရှိသည့် အကျိုးခံစားခွင့်မျိုး ဖြစ်ပါသည်။

၂။ **ပညာရေးအသက်အာမခံပေါ်လီစီမှရရှိနိုင်သည့်အခြားခံစားခွင့်များ**

ပေါ်လစီရှင်သည် ပညာရေးအသက်အာမခံပေါ်လစီမှ အောက်ဖော်ပြပါခံစားခွင့်များကိုလည်း ရရှိ ခံစားနိုင်ပါသည်။

(က) ပေါ်လီစီကိုစာရင်းပိတ်နိုင်ခြင်း (Paid-up Policy)

(ခ) အမ်းငွေထုတ်ယူနိုင်ခြင်း (Surrender Value)

(ဂ) ပညာရေးအသက်အာမခံပေါ်လီစီ ငွေချေးယူနိုင်ခြင်း (Policy Loan)

**(က) ပေါ်လီစီကိုစာရင်းပိတ်နိုင်ခြင်း (Paid-up Policy)**

(၁) ပေါ်လီစီရှင်တစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လီစီတစ်စောင်ကို ပရီမီယံဆက်လက်မပေးသွင်းနိုင်လျှင် စာရင်းပိတ်နိုင်သည်။

(၂) ပေါ်လီစီတွင် ဖော်ပြထားသော သက်တမ်းစေ့ ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို ပေါ်လီစီရှင်သို့ ထုတ်ပေးပါသည်။

(၃) အာမခံသက်တမ်းအတွင်း အာမခံထားသူ သေဆုံးလျှင် အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူအား စာရင်းပိတ်တန်ဖိုးကိုသာ ထုတ်ပေးပါသည်။

(၄) ပေါ်လီစီကို စာရင်းပိတ်ရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများမှာ

- ပေါ်လီစီစာချုပ်မူရင်း
- ပေါ်လီစီရှင်အကြောင်းကြားစာ တို့ဖြစ်ပါသည်။

<u>စာရင်းပိတ်တန်ဖိုးတွက်နည်းနမူနာ</u>

| |
|---|
| စာရင်းပိတ်တန်ဖိုး = (အာမခံထားငွေ x ပရီမီယံပေးပြီးနှစ်) / အာမခံသက်တမ်း |

**(ခ) ပေါ်လီစီရှင်မှအမ်းငွေရသင့်တန်ဖိုးထုတ်ယူနိုင်ခြင်း (Surrender Value)**

(၁) ပေါ်လီစီရှင်သည် ကျသင့်ပရီမီယံကို ဆက်လက်ပေးသွင်းခြင်း မပြုနိုင်တော့သဖြင့် အတည်ဖြစ်ပြီးသော ပေါ်လီစီတစ်စောင်ကို ဖျက်သိမ်း၍ အမ်းငွေထုတ်ယူရန် အကြောင်းကြားလာလျှင် အမ်းငွေဇယားပါနှုန်းအတိုင်း ရခွင့်ရှိသည့်အမ်းငွေကို ပေါ်လီစီရှင်သို့ တစ်လုံးတည်း ထုတ်ပေးပါသည်။

(၂) အမ်းငွေထုတ်ယူရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများမှာ

- မူရင်းပေါ်လီစီစာချုပ်
- ပေါ်လီစီရှင်အကြောင်းကြားစာ တို့ဖြစ်ပါသည်။

(ဂ) **ပညာရေးအသက်အာမခံပေါ်လစီမှငွေချေးယူနိုင်ခြင်း (Policy Loan)**

(၁) ပေါ်လစီရှင်တစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်မှ ချေးငွေရယူနိုင်ခွင့်ရှိသည်။ ချေးယူနိုင်မည့် ငွေပမာဏမှာ အမ်းငွေရသင့်တန်ဖိုး နှုန်းထားဇယားပါအတိုင်း ရခွင့်ရှိသည့် စုစုပေါင်းအမ်းငွေရသင့်တန်ဖိုး၏ ၉၀% အထိဖြစ်ပါသည်။

(၂) ငွေတစ်ကြိမ် ချေးလျှင် ငွေချေးခ ကျပ် ၁၀၀၀/- ပေးသွင်းရပါမည်။ ချေးငွေ ကျပ်၁၀၀/-လျှင် တစ်နှစ်အတွက် ၁၅ %ဖြင့် အတိုးပေးရပါမည်။ အကယ်၍ ချေးငွေကိုပြန်ဆပ်မည်ဆိုပါက တစ်လုံးတည်း ပြန်ဆပ်ရပါမည်။ ငွေချေးယူသူက ချေးယူထားသည့်ငွေကို ပြန်လည် ပေးဆပ်ခြင်း မပြုလျှင် အကျိုးခံစားခွင့်ထုတ်ယူချိန်တွင် ချေးငွေနှင့်အတိုးကို ခုနှိမ်ပါမည်။

(၃) ချေးငွေရယူရန်အတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား တင်ပြရန်လိုပါသည်။

(က) မူရင်းပေါ်လစီ

(ခ) ပေါ်လစီရှင်အကြောင်းကြားစာ တို့ဖြစ်ပါသည်။

## ၃။ အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ

(၁) အာမခံထားသူသည် အောက်ဖော်ပြပါအကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင် သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit) အား ရခွင့်မရှိပါ။ အမ်းငွေတန်ဖိုးပမာဏကိုသာ အကျိုးခံစားခွင့်ရှိသူအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း။

(ခ) အာမခံဝယ်ယူစဉ်ကဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း သေဆုံးခြင်း။

(၂) အာမခံထားသူတစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ခဲ့လျှင် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့် (Permanent Total Disability Benefit) အား ရခွင့်မရှိပါ။ အမ်းငွေတန်ဖိုးပမာဏ ကိုသာ ပေါ်လစီရှင်/ အကျိုးခံစားခွင့်ရှိသူအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။

(က) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင် လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ခြင်း။

(ခ) မိမိကိုယ်ကိုသတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(ဃ) ဘေးအန္တရာယ်ဖြစ်စေသောဆေးကို မှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သောရှိရင်းစွဲရောဂါကြောင့် အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ခြင်း။

## ၄။ ပညာရေးအသက်အာမခံပေါ်လစီစည်းကမ်းချက်များ

### (က) ပရီမီယံပေးသွင်းခြင်း

(၁) ပရီမီယံကို (၁)နှစ်တစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၃)လတစ်ကြိမ်၊ (၁)လတစ်ကြိမ် အရစ်ကျ ပေးသွင်းနိုင်ပါသည်။ (၁)နှစ်တစ်ကြိမ်၊ (၆)လတစ်ကြိမ်၊ (၃)လတစ်ကြိမ် ပေးသွင်းသည့် ပေါ်လစီများအတွက် ပရီမီယံပေးသွင်းရန် အပိုရက် (၃၀) ခွင့်ပြုပါသည်။ (၁)လတစ်ကြိမ် ပေါ်လစီများအတွက် ပရီမီယံပေးသွင်းရန် အပိုရက် (၁၅)ရက် ခွင့်ပြုပါသည်။ အပိုရက် အတွင်း ပရီမီယံ ပေးသွင်းရန် ပျက်ကွက်လျှင် ပေါ်လစီ ပျက်ပြယ်သည်။ ပေးသွင်းနိုင်သည့် အပိုရက်၏ နောက်ဆုံးရက်သည် အစိုးရရုံး/ဘဏ် ပိတ်ရက်ဖြစ်ပါက ရုံး/ဘဏ်ဖွင့်သော ပထမရက်တွင် ပရီမီယံပေးသွင်းရပါမည်။

(၂) ပရီမီယံကို ကုမ္ပဏီ ရုံးချုပ်/ရုံးခွဲများတွင်သော်လည်းကောင်း၊ ဘဏ်များမှတစ်ဆင့်သော်လည်းကောင်း ငွေသားဖြင့် ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ စာရင်းလွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ပေးသွင်းနိုင်ပါသည်။

**(ခ) ပေါ်လစီတည်မြဲခြင်း**

(၁) ပရီမီယံစတင်သည့်နေ့မှစ၍ ပေါ်လစီသည် စတင်တည်မြဲလာပြီး အောက်တွင်ဖော်ပြထားသော (က) မှ (ဂ) အထိ နေ့ရက်များ မတိုင်ခင်အထိ ပေါ်လစီသည် ဆက်လက် တည်မြဲနေပါမည်။

(က) ပေါ်လစီလျှောက်လွှာတွင် သတ်မှတ်ထားသော အကျိုးခံစားခွင့် ရပ်ဆိုင်းသည့်နေ့

(ခ) ပေါ်လစီရှင်မှ ပေါ်လစီရပ်စဲသည့်နေ့နှင့်

(ဂ) ပေါ်လစီဖျက်သိမ်းသည့်နေ့ သို့မဟုတ် ပျက်ပြယ်သည့်နေ့

(၂) ပညာရေးအသက်အာမခံပေါ်လစီအတွက် ပရီမီယံကို အနည်းဆုံး (၃)နှစ် ပေးသွင်းပြီးပါက ပေါ်လစီအတည် ဖြစ်ပါသည်။

**(ဂ) ပျက်သည့်ပေါ်လစီပြန်လည်တည်မြဲခြင်း**

(၁) ပေါ်လစီသည် အပိုရက်များအတွင်း၌ ပရီမီယံမသွင်းခဲ့သော် ပေါ်လစီပျက်သည်။

(၂) ပရီမီယံပေးသွင်းရန် ပျက်ကွက်သည့်ကာလမှာ ၆လထက်မပိုပါက ပျက်သည့်ပေါ်လစီကို ပြန်လည် တည်မြဲနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်။

(က) မိမိ ကိုယ်တိုင်ကျန်းမာကြောင်း ဝန်ခံချက်တင်ပြရန်လိုပါသည်။

(ခ) ပေးသွင်းရန် ကျန်သည့် ပရီမီယံ စုစုပေါင်းနှင့် ယင်းပရီမီယံကျန်ငွေပေါ်တွင် တစ်နှစ်လျှင်အတိုးနှုန်း ၁၅%ဖြင့် ပျက်ကွက်ကာလအတွက် တွက်ချက်၍ရသည့် အတိုးကိုတစ်ပေါင်းတည်း ပေးသွင်းရမည် ဖြစ်ပါသည်။

(၃) ပရီမီယံပေးသွင်းရန်ပျက်ကွက်သည့်ကာလ (၆)လကျော်ပြီး (၁၂)လအတွင်းဖြစ်ပါက ပျက်သည့်ပေါ်လစီကို ပြန်လည်တည်မြဲနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်။

(က) မိမိစရိတ်ဖြင့်ကုမ္ပဏီမှညွှန်ကြားသည့်အတိုင်း ကျန်းမာရေးစစ်ဆေးမှုခံယူရပါမည်။

(ခ) ကျန်းမာရေးစစ်ဆေးချက်ရလဒ်ကောင်းမွန်ပါက ပြန်လည်တည်မြဲခြင်းကို ကုမ္ပဏီကလက်ခံ ဆောင်ရွက်ပါသည်။ ပေးသွင်းရန်ကျန်သည့် ပရီမီယံစုစုပေါင်း နှင့် ယင်းပရီမီယံ ကျန်ငွေပေါ်တွင် တစ်နှစ်လျှင်အတိုးနှုန်း ၁၅% ဖြင့်ပျက်ကွက်ကာလအတွက် တွက်ချက်၍ရသည့် အတိုးကို တစ်ပေါင်းတည်း ပေးသွင်းရပါမည်။

(၄) အကယ်၍ အထက်တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း ပေါ်လစီကို ပြန်လည်တည်မြဲရန် မဆောင်ရွက်ပါက ပေါ်လစီပျက်သည်။

**(ဃ) အလိုအလျောက်ပေါ်လစီတည်မြဲခြင်း**

(၁) အမ်းငွေရသင့်တန်ဖိုး ရရှိနိုင်သောပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန်ကျန်သည့် ပရီမီယံ၊ အတိုးနှင့် ကုမ္ပဏီမှရရန်ရှိငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်း နှုတ်ယူပြီး ပေါ်လစီကို အလိုအလျောက် ဆက်လက် တည်မြဲစေနိုင်ပါသည်။ အဆိုပါ ပေးရန်ကျန်ပရီမီယံငွေ ပေါ်တွင် တစ်နှစ်လျှင် ၁၅% အတိုးပါ ထည့်သွင်း တွက်ချက်ပါမည်။

(၂) ပေါ်လစီရှင်မှ ပေးသွင်းရန်ကျန်သည့် ပရီမီယံကို အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း အမ်းငွေရသင့်တန်ဖိုးမှ နှုတ်၍ အလီလီ ပေးသွင်းခြင်းဖြင့် အမ်းငွေရသင့်တန်ဖိုး ကုန်သွားပါက ပေါ်လစီပျက်သည်။

(၃) အထက်တွင် ဖော်ပြခဲ့သည့်နည်းဖြင့် အလိုအလျောက်တည်မြဲစေသည့် ပေါ်လစီအတွက် ပေးရန်ကျန်သည့် ပရီမီယံ စုစုပေါင်းနှင့် အတိုးကို တစ်ကြိမ်တည်း ပေးဆပ်ခြင်းဖြင့် ပေါ်လစီကို ပြန်လည်တည်မြဲစေနိုင်သည်။ ဤကဲ့သို့ တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန် လိုအပ်သည်ဟု ကုမ္ပဏီမှယူဆလျှင် ပြန်လည်စစ်ဆေးမှု ခံယူရမည်ဖြစ်ပြီး ကျန်းမာရေးစစ်ဆေးမှုစရိတ်ကို ပေါ်လစီရှင်မှ ကျခံရမည်ဖြစ်ပါသည်။

(၄) အကယ်၍ ကျန်းမာရေးစစ်ဆေးသည့် ဆရာဝန်၏ ထောက်ခံချက်အရ ကျန်းမာရေး အခြေအနေသည် လက်ခံနိုင်သည့် အနေအထားရှိလျှင် ပေါ်လီစီကို ပြန်လည်တည်မြဲခွင့်ပြုမည် ဖြစ်ပါသည်။ သို့ရာတွင် ကျန်းမာရေးစစ်ဆေးသည့် ဆရာဝန်၏ ထောက်ခံချက်အရ ကျန်းမာရေးအခြေအနေသည် လက်ခံနိုင်သည့် အနေအထားမရှိလျှင် ပေါ်လီစီကို ပြန်လည် တည်မြဲခွင့်ပြုမည်မဟုတ်ပါ။

(၅) ဤကဲ့သို့အလိုအလျောက်ပေါ်လီစီတည်မြဲနေသော ကာလအတွင်း အာမခံထားသူ ကွယ်လွန်/ထာဝစဉ် လုံးဝမသန်စွမ်း ဖြစ်ခဲ့သော် တင်ရှိနေသော ပရီမီယံအကြွေးများ၊ တစ်နှစ်လျှင် ၁၅% ဖြင့် ကျသင့်အတိုးနှင့် ကုမ္ပဏီမှ ရရန်ရှိငွေများကို နုတ်ယူပြီးလျှင် ကျန်အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးမည်။ သို့ရာတွင် ပေါ်လီစီရှင်မှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့်တန်ဖိုးထက် ပိုနေလျှင် အလိုအလျောက်ပေါ်လီစီ တည်မြဲ နေတော့မည် မဟုတ်ပါ။ ထိုအချိန်တွင် အာမခံထားသူသေဆုံး/ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူ ကွယ်လွန်/ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင်သော စာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး ပေါ်လီစီရှင်မှ ပေးရန်ကျန်သည့်စုစုပေါင်းငွေကိုနုတ်၍ ကျန်ငွေကို ပေါ်လီစီရှင်/ အကျိုးခံစားခွင့်ရှိသူသို့ ထုတ်ပေးပါမည်။

(၆) အလိုအလျောက် ပေါ်လီစီတည်မြဲနေသောကာလအတွင်း အာမခံထားသူ ကွယ်လွန်/ ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ခဲ့သော် ပရီမီယံကင်းလွတ်ခွင့်ရရှိနိုင်ပါသည်။ သို့ရာတွင် ပေါ်လီစီရှင်မှ ပြန်လည် ပေးဆပ်ရမည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့်တန်ဖိုးထက် ပိုနေလျှင် အလိုအလျောက် ပေါ်လီစီတည်မြဲနေတော့မည် မဟုတ်ပါ။ ထိုအချိန်တွင် အာမခံထားသူသေဆုံး/ ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူ ကွယ်လွန်/ထာဝစဉ်လုံးဝမသန်စွမ်း ဖြစ်ချိန်၌ ပေါ်လီစီအရ ရရှိနိုင်သော စာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး ပေါ်လီစီရှင်မှ ပေးရန်ကျန်သည့် စုစုပေါင်းငွေကိုနုတ်၍ ကျန်ငွေကို ပေါ်လီစီရှင်/အကျိုးခံစားခွင့်ရှိသူသို့ ထုတ်ပေးပါမည်။

(၇) အမ်းငွေရသင့်တန်ဖိုးမရရှိနိုင်သော ပေါ်လီစီပျက်နေချိန်တွင် အာမခံထားသူ သေဆုံးခြင်း/ ထာဝစဉ်လုံးဝ မသန်စွမ်းဖြစ်ပါက မည်သည့် အကျိုးခံစားခွင့်မှ မရရှိနိုင်ပါ။

- The End -